dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

"ဒီဗွီဘီဒီဘိတ်"အခြေအတင် ဆွေးနွေးပွဲအစီအစဉ်ကို DVB Multimedia Group ကနေအပတ်စဉ် စနေနေ့တိုင်းရိုက်ကူးကာ ဒီဗွီဘီရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

DVB Debateဟာအတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာသဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန် နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှု ပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။ အဖွဲ့အနေဖြင့် အခြားမီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုလိုပွင့်လင်းတဲ့ အခြေအတင် ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနှင့်ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီးမကြာခင်မှာ ဒီဗွီဘီဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိအခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကိုပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာရန်ပုံငွေများရှိပါကြောင်းအသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"Media Literacy: How to see the news?"***

ဆိုတာပဲဖြစ်ပါတယ်။

- ❖ မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများမေးမြန်းလိုပါကရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.noသို့ဖြစ်စေဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

## This week’s topic is MEDIA LITERACY

### *Historical context:*

မီဒီယာအပေါ်ဝေဖန်သုံးသပ်နိုင်မှုစွမ်းရည်ဆိုတာ သတင်းအချက်အလက်တွေကို သရုပ်ခွဲနိုင်အောင်၊ အကဲဖြတ်နိုင်အောင်နဲ့ ဖန်တီးနိုင်အောင် လူထုကိုထောက်ကူပေးမယ့် ကျွမ်းကျင်မှု အရည်အသွေးတခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆယ်စုနှစ်နဲ့ချီပြီး အားနည်းလှတဲ့ ပညာရေးစနစ် ကျင့်သုံးခဲ့တဲ့အပြင် မီဒီယာလုပ်ငန်းအားလုံးအပေါ် ဆင်ဆာဖြတ်တောက်မှု အပါအဝင် ကန့်သတ်မှုမျိုးစုံ ချမှတ်ခဲ့တဲ့အတွက် မီဒီယာအတတ်ပညာဖွံ့ဖြိုးမှုအရှိန် လျော့ကျခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်မှာတော့ သူတို့ရဲ့မူဝါဒနဲ့ ဆန္ဒတွေကို ဆန့်ကျင်တယ်လို့ ရှုမြင်တဲ့ ပုံနှိပ်ထုတ်ဝေမှုမှန်သမျှကို ၁၉၆၂ ပုံနှိပ်စက်နဲ့ ပုံနှိပ်ထုတ်ဝေသူ မှတ်ပုံတင်ဥပဒေအရ တားမြစ်ပိတ်ပင်ခဲ့သလို ပညာရေးကဏ္ဍကိုလည်း နိုင်ငံရေးလမ်းစဉ်နဲ့ဆီလျော်အောင် ဖန်တီးရေးဆွဲခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ ဦးသိန်းစိန် အစိုးရဟာ မြန်မာနိုင်ငံဆင်ဆာအဖွဲ့ကို ပိတ်သိမ်းခဲ့ပြီး နှစ်ပေါင်း(၅၀)အတွင်း ပထမဆုံးအကြိမ်အဖြစ် ပုဂ္ဂလိက နေ့စဉ်သတင်းစာတွေကို ထုတ်ဝေခွင့်ပြုလိုက်သလို အကျဉ်းကျနေတဲ့ သတင်းထောက်တွေကိုလည်း ပြန်လွှတ်ပေးခဲ့ပါတယ်။ ပြည်ပရောက်မီဒီယာအဖွဲ့အစည်းတွေလည်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတွင်းကို ပြန်လည် ဝင်ရောက်ခွင့်ရခဲ့တဲ့အတွက် လူထုက လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုလာကြပါတယ်။ အခုဆိုရင် မီဒီယာဈေးကွက် အားကောင်းလာတဲ့အတွက် ပုဂ္ဂလိက သတင်းစာများစွာ ပေါ်ထွက်လာပါပြီ။ ဆက်သွယ်ရေးတိုးတက်လာပြီး ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ လူကြီးလူငယ်မကျန် အွန်လိုင်းဝန်ဆောင်မှု ရနိုင်တဲ့ ဆဲလ်ဖုန်းအသုံးပြုမှုဟာ အံ့မခန်းများပြားလာခဲ့ပါတယ်။ အခုဆိုရင် အင်တာနက်လူမှုစာမျက်နှာတွေဟာ သတင်းတွေ နိုင်ငံရေးအမြင်တွေ ဖလှယ်ရာနေရာတွေဖြစ်လာပါပြီ။

### *Facts and Figures:*

- မြန်မာအစိုးရကတော့ နိုင်ငံသား ၇ သိန်းလောက်ပဲ အွန်လိုင်းသုံးစွဲသူတွေ ဖြစ်တယ်လို့ ခန့်မှန်းထားပေမယ့် အချင်းချင်းဆက်သွယ်မှု အား ပိုကောင်းလာတာနဲ့အမျှ ဖေ့စ်ဘွတ်လို လူမှုမီဒီယာတွေဟာ ပိုပြီး တွင်ကျယ်လာပြီး သတင်းတွေ အတွေးအမြင်တွေ ဖလှယ်ရာမှာ ခေတ်မီပလက်ဖောင်းအဖြစ် ဆောင်ရွက်ပေးပါတယ်။
- ဆက်သွယ်ရေးကုမ္ပဏီသစ်တွေဖြစ်တဲ့ အူရီဒူးနဲ့ တယ်လီနောတို့က လာမယ့် ၅ နှစ်အတွင်း နိုင်ငံသား ၉၀ ရာခိုင်နှုန်းရဲ့လက်ထဲကို ဆဲလ်ဖုန်းတွေထည့်ပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်။
- ၂၀၁၄ မတ်လမှာ အစိုးရကဖွဲ့စည်းပေးထားတဲ့စာနယ်ဇင်းကောင်စီကတင်သွင်းတဲ့ မီဒီယာဥပဒေ မူကြမ်းကို လွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။ ဒီမူကြမ်းမှာ နိုင်ငံတွင်းမီဒီယာတွေရဲ ရှပိုင်ခွင့်နဲ့ တာဝန်၊ ပုံနှိပ်လုပ်ငန်းစီမံခန့်ခွဲမှု စတဲ့ အချက်တွေကို ထည့်သွင်းရေးဆွဲထားပါတယ်။
- ၂၀၁၂ မှာ ပုံနှိပ်သူများ၊ထုတ်ဝေသူများမှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးရဲ့ ၄၄ ခုမြောက် လမ်းညွှန်ချက်ကို ချိုးဖောက်ခဲ့တဲ့အတွက် အပတ်စဉ်ထုတ်ဂျာနယ် ၂ စောင်ကို ထုတ်ဝေခွင့်ဆိုင်းငံ့ခဲ့ပါတယ်။

### *Points of view:*

"အရပ်ဘက်အဖွဲ့အစည်းတွေဦးဆောင်ပြီး အမှန်းပွားစေမယ့်ပြောဆိုမှုနဲ့ မီဒီယာအတတ်ပညာ အကြောင်း လှုပ်ရှားမှုတစ်ခုစလုပ်ရပါမယ်။ အမုန်းပွားမယ့် စကားကဘာလဲ၊ ခိုင်မာတဲ့ သဘောထားအမြင်ဆိုတာ ဘာလဲ၊ လွတ်လပ်စွာရေးသားဖော်ပြခွင့်ဆိုတာဘာလဲ စတဲ့အချက်တွေကို ရှင်းပြရပါမယ်။ လူတွေက အင်တာနက်ပေါ်က လွတ်လပ်မှုကို ဘယ်လိုအသုံးချရမှန်းမသိကြဘူး။"လို့ ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က ဆိုပါတယ်။

"ခိုင်လုံမှုမရှိတဲ့ ကောလဟာလတွေနဲ့ သတင်းအမှားတွေ ပျံ့နှံ့ပြီး နောက်ပိုင်းကျရင် အမှန်လို့ မှတ်သွားမှာကို စိုးရိမ်ပါတယ်။ တင်းမာမှုတွေ၊ ရန်လိုမှုတွေကို ပိုတိုးစေမယ့် လူမျိုးရေးခွဲခြားဆက်ဆံမှုကို ပိုဆိုးစေမယ့် သတင်းမှားပေးတဲ့ လုပ်ရပ်တွေ ရပ်သွားအောင် အားစိုက်လုပ်ဆောင်ဖို့လိုပါမယ်။"လို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ်ယန်ဟီလီကဆိုပါတယ်။

"မန္တလေး ဒါမှမဟုတ် အခြားဘယ်မြို့ကြီးကိုမဆို မီးဟုန်းဟုန်းတောက်သွားဖို့ဆိုရင် တာဝန်ယူမှုမရှိတဲ့ သတင်းဆောင်းပါးတစ်ပုဒ်နဲ့ ဖေ့စ်ဘုတ်ပေါ်က မောက်စ်ကလစ် အချက်ပေါင်း ၃-၄ထောင်လောက်ပဲ လိုပါမယ်။"လို့ အမေရိကန်စာရေးဆရာ ကနက်ဝေါင်းကဆိုပါတယ်။

### *Information links:*

www.dvb.no

www.moi.gov.mm

www.en.rsf.org

www.cpj.org

www.elevenmyanmar.com

www.irrawaddy.org

www.facebook.com/penmyanmar